**ပြည်သူ့ဝန်ထမ်းဝန်ကြီးဌာန။**

**ဒေသန္တရအုပ်ချုပ်ရေးဌာနခွဲ။**

**(စူရတီဘာရားဘဇား(သိမ်ကြီးဈေး) အုပ်ချုပ်ရေးအဖွဲ့ နည်းဥပဒေများ။)**

**အမိန့်ကြော်ငြာစာ။**

**အမှတ် ၂၆၉**

**ရန်ကုန်မြို့၊ ၁၃၁၃ ခု၊ ဝါခေါင်လဆန်း ၅ ရက်။**

**(၁၉၅၁ ခု၊ ဩဂုတ်လ ၇ ရက်။)**

**[ ပြင်ဆင် : 21.02.1957 ]**

အမှတ် ၂၆၉။ ။ ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင် ပြုလုပ်ခြင်း အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၃) နှင့် (၄) အရ၊ အပ်နှင်းသည့်အာဏာများကိုသုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ အောက်ပါနည်းဥပဒေများကို ပြုလုပ်သည်။

**စူရတီဘာရားဘဇား(သိမ်ကြီးဈေး) အုပ်ချုပ်ရေးအဖွဲ့ နည်းဥပဒေများ။**

၁။ ။ (က) ဤနည်းဥပဒေများကို **စူရတီဘာရားဘဇား (သိမ်ကြီးဈေး) အုပ်ချုပ်ရေးအဖွဲ့ နည်းဥပဒေများ** ဟုခေါ်ရမည်။

(ခ) ဤနည်းဥပဒေများသည်၊ ၁၉၅၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မ ဆန့်ကျင်လျှင်-

(က) " နိုင်ငံတော်သမတ" ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သမတကို ဆိုလိုသည်။

(ခ) " အဖွဲ့" ဆိုသည်မှာ၊ ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး)ကို မြူနီစီပါယ်ပိုင်ပြုလုပ် ခြင်း အက်ဥပဒေ ပုဒ်မ ၉ (၁) အရ ခန့်သည့်အုပ်ချုပ်ရေးအဖွဲ့ကိုဆိုလိုသည်။

(ဂ) "ဥက္ကဋ္ဌ" ဆိုသည်မှာ၊ အဖွဲ့၏ဥက္ကဋ္ဌကိုဆိုလိုသည်။

(ဃ) "သိမ်ကြီးဈေး" ဆိုသည်မှာ၊ ရန်ကုန်မြို့၊ စူရတီဘာရားဘဇားကို ဆိုလိုသည်။

၃။ ။ (၁) အဖွဲ့တွင် နိုင်ငံတော်သမတက ခန့်သည့် ဥက္ကဋ္ဌတဦးနှင့် အခြားအဖွဲ့ဝင်လူကြီး အနည်းဆုံးလေးဦးပါဝင်ရမည်။ အဖွဲ့သည်၊ အတွင်းရေးမှူးတဦးကိုသော်၎င်း၊ အခြားလိုအပ်သော အရာ ရှိများကိုသော်၎င်း နိုင်ငံတော်သမတ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍ ခန့်ထားနိုင်သည်။

(၂) ဥက္ကဋ္ဌသည်၊ အချိန်ပြည့် တာဝန်ဝတ္တရားဆောင်ရွက်ရမည့်ပြင်၊ အဖွဲ့၏ အုပ်ချုပ်ရေးမှူးလည်းဖြစ်ရ မည်။

(၃) ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ လစာများသည်၊ နိုင်ငံတော်သမတက သတ်မှတ်သည့်အတိုင်း ဖြစ်ရ မည်။

<ပြင်ဆင် 21.02.1957>

၄။ ။ အဖွဲ့၏သက်တမ်းသည်၊ သုံးနှစ်၊ သို့တည်းမဟုတ် သိမ်ကြီးဈေးကို၊ ကော်ပိုရေးရှင်းသို့ လွှဲအပ် သည့် နေ့ရက်ထိ၊ ထိုကာလအပိုင်းအခြားနှစ်ရပ်အနက်၊ နည်းရာ ကာလအပိုင်းအခြားဖြစ်ရမည်။



Myanmar Law Information System (MLIS)

သို့ရာတွင်၊ သိမ်ကြီးဈေးကို၊ အဆိုပါသုံးနှစ်အတွင်း၊ ကော်ပိုရေးရှင်းသို့လွှဲအပ်ခြင်းမပြုနိုင်လျှင်၊ နိုင်ငံ တော်သမတသည်၊ အဖွဲ့၏ သက်တမ်းကို အခါအားလျော်စွာသင့်တော်သည်ထင်မြင်သည့်အတိုင်း၊ သိမ်ကြီးဈေးကို ကော်ပိုရေးရှင်းသို့ လွှဲအပ်ခြင်း မပြုနိုင်သေးသည့် ကာလအပိုင်းအခြားအတွင်း တိုးမြှင့် နိုင်သည်။

<ပြင်ဆင် 21.02.1957>

၅။ ။ အဖွဲ့ဝင်လူကြီးတို့အား၊ နိုင်ငံတော်သမတက ပြဋ္ဌာန်းသည့်အခကြေးငွေများ၊ သို့တည်းမဟုတ် စရိတ် များပေးရမည်။

၆။ ။ အဖွဲ့တွင် နေရာလစ်လပ်သည်ဟူသောအကြောင်းကြောင့်ဖြစ်စေ၊ အဖွဲ့ဝင်လူကြီးတဦးတယောက်ခန့် ထားရာ၌ ချို့ယွင်းချက်ရှိသည်ဟူသော အကြောင်းကြောင့်ဖြစ်စေ၊ အဖွဲ့ဆိုင်ရာဆောင်ရွက်ချက်များသည် ပျက် ပြယ်ခြင်းမရှိစေရ။

၇။ ။ အဖွဲ့သည်၊ အုပ်ချုပ်မှုဆိုင်ရာ အာဏာများနှင့် အလုပ်ဝတ်တရားများကို ဥက္ကဋ္ဌမှ တဆင့် သုံးစွဲဆောင်ရွက်ရမည်။ ဥက္ကဋ္ဌသည်၊ မိမိ၏အလုပ်ဝတ်တရားများကိုဆောင် ရွက်ရာတွင်၊ အဖွဲ့ကနိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းထားသည့်မူများနှင့်အညီ ဆောင် ရွက်ရမည့်အပြင်၊ ဈေးအုပ်ချုပ်မှုနှင့်ပတ်သက်၍ အဖွဲ့က ထိုမူနှင့်အညီ ညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

<ပြင်ဆင် 21.02.1957>

၈။ ။ အဖွဲ့သည်၊ အလုပ်ကိစ္စများကိုဆောင်ရွက်ရန်အလို့ငှါ၊ တလလျှင် အနည်းဆုံး တကြိမ်အစည်းအဝေး ကျင်းပရမည်။ ဥက္ကဋ္ဌသည်၊ အစည်းအဝေးတိုင်း၌သဘာပတိအဖြစ်ဆောင်ရွက်ရမည်။ သို့သော် ဥက္ကဋ္ဌ မတက်ရောက်နိုင်သည့် အစည်းအဝေးတွင် တက်ရောက်သောအဖွဲ့ဝင်လူကြီးများအနက် အဖွဲ့ဝင်လူကြီး တဦးကို အစည်းအဝေး၏ သဘာပတိအဖြစ်ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ရမည်။

၉။ ။ အဖွဲ့ကဆောင်ရွက်ရမည့်အမှုကိစ္စအားလုံးကို အစည်းအဝေးတက်ရောက်သော အဖွဲ့ဝင်လူကြီးအား လုံး တညီတညွတ်တည်းသဘောတူမှ ဆောင်ရွက်ရမည်၊ အဖွဲ့၏ဆုံးဖြတ်ချက်သည်၊ အစည်းအဝေး တက်ရောက်သော အဖွဲ့ဝင်လူကြီးအားလုံး တညီတညွတ်တည်းသဘောတူမှ အတည်ဖြစ်ရမည်။ သို့ရာ တွင် မည်သည့်အစည်းအဝေးတွင်မဆို၊ သဘောကွဲလွဲချက်ရှိလျှင်၊ ထိုသဘောကွဲလွဲချက်ကို နိုင်ငံတော် သမတထံ အမိန့်ချမှတ်ရန်တင်သွင်းရမည်။

၁၀။ ။ အဖွဲ့အစည်းအဝေးသို့ အဖွဲ့ဝင်လူကြီးသုံးဦးတက်ရောက်လျှင် အစည်းအဝေးအထမြောက်ရမည်။

၁၁။ ။ အဖွဲ့၏ အစည်းအဝေး အစီအစဉ်နှင့် ဆောင်ရွက်မှု မှတ်တမ်းမိတ္တူများကို နိုင်ငံတော်သမတထံ ပေးပို့ရမည်။

၁၂။ ။ အောက်ပါကိစ္စအားလုံး သို့တည်းမဟုတ် တရပ်ရပ်နှင့်ပတ်သက်၍ အဖွဲ့သည်၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်နှင့် အတည်ပြုချက်အရ၊ ဤနည်းဥပဒေများနှင့်မဆန့်ကျင်သော စည်းကမ်းဥပဒေများ ကို ပြုလုပ်နိုင်သည်။

(က) အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းအဝေးများတွင် လိုက်နာရန်နည်းလမ်း။

(ခ) ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေ၏ ဒုတိယဇယားရှိ အခန်း ၁၅ ပါ နည်းဥပဒေများအနက် နည်းဥပဒေ ၁၆ ရှိကိစ္စများ။

(ဂ) အဖွဲ့က သင့်လျော်သည်ထင်မြင်သည့် အဖွဲ့၏ရာထမ်းမှုထမ်းတို့ အကျိုးငှါ၊ အိုနာစာ ရံပုံငွေထားရှိ ခြင်း။

Myanmar Law Information System (MLIS)

(ဃ) ပဋိညာဉ်စာချုပ်များနှင့်အခြား စာချုပ်စာတမ်းများကို အဖွဲ့ကိုယ်စား လက်မှတ်ရေးထိုးခြင်း။

၁၃။ ။ အဖွဲ့သည်၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ကို ကြိုတင်ရယူ၍ လိုအပ်သောရာထူးများ ကိုတည်ထွင်နိုင်သည်။

<ပြင်ဆင် 21.02.1957>

၁၄။ ။ အဖွဲ့၏ရာထမ်းမှုထမ်းများအတွက်၊ လစာများ၊ စရိတ်များနှင့်အမှုထမ်းစည်းကမ်းချက်များကို၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့် အဖွဲ့ကသတ်မှတ်ရမည်။

၁၅။ ။ အဖွဲ့၏ရာထမ်းမှုထမ်းများ၏ အာဏာတာဝန်ဝတ္တရားနှင့်လုပ်ငန်းဆောင်တာများကို၊ နိုင်ငံ တော်သမတ၏ သဘောတူညီချက်ဖြင့် အဖွဲ့က ပြဋ္ဌာန်းရမည်။

<ပြင်ဆင် 21.02.1957>

၁၆။ ။ အတွင်းရေးမှူးသည်၊ သိမ်ကြီးဈေးအုပ်ချုပ်မှုနှင့်စပ်လျဉ်းသည့် လစဉ်အစီရင်ခံစာကို၊ အဖွဲ့သို့ တင်သွင်းရမည်။ အဖွဲ့သည်၊မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ၃ လတကြိမ် အစီရင်ခံစာကို နိုင်ငံတော်သမတထံတင်သွင်းရမည်။

<ပြင်ဆင် 21.02.1957>

၁၇။ ။ (၁) အဖွဲ့သည်၊ သိမ်ကြီးဈေးအုပ်ချုပ်ရေးအဖွဲ့ ရံပုံငွေဟုခေါ်တွင်ရမည့် ရံပုံငွေကို ထားရှိရမည့်ပြင်၊ အဖွဲ့ကရရှိသည့် ငွေအားလုံးကိုလည်း၊ ထိုရံပုံငွေသို့ ထည့်သွင်းရမည်။

(၂) အဖွဲ့အား မိမိ၏အာဏာများနှင့် အလုပ်ဝတ်တရားများကို သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှါ၊ နိုင်ငံ တော်သမတသည် မိမိသင့်လျော်သည်ထင်မြင်သည့်ငွေများကို၊ အဖွဲ့သို့ထုတ်ချေးနိုင်သည်။

၁၈။ ။ မည်သည့်ဘဏ္ဍာတော်နှစ်တွင်မဆို၊ အဖွဲ့က အခွန်ငွေ စာရင်းဘက်မှရသောငွေများကို အောက်ပါကိစ္စများအတွက် အဖွဲ့ကအသုံးပြုရမည်။

(က) အဖွဲ့၏ရာထမ်းမှုထမ်းများအကျိုးငှါ၊ အဖွဲ့ကထားရှိသည့် အိုနာစာရံပုံငွေသို့သွင်းငွေ၊ ပေးငွေ၊ သို့တည်းမဟုတ် ထောက်ပံ့ငွေများလည်း ပါဝင်သောအဖွဲ့၏ ရုံးဆိုင်ရာ ကုန်ကျငွေများကိုကျခံခြင်း။

(ခ) နိုင်ငံတော်သမတက အဖွဲ့အားထုတ်ချေးသည့်ငွေနှင့်ပတ်သက်၍ နိုင်ငံတော်သမတထံသို့ အတိုးပေး သည့်အနေဖြင့်၊ သို့တည်းမဟုတ် အရင်းပြန်ဆပ်သည့်အနေဖြင့် ငွေများပေးသွင်းခြင်း။

(ဂ) ဈေးကိုပြုပြင်ထားရှိရန်၊ အသစ်ပြုလုပ်ရန်နှင့် တိုးတက်ကောင်းမွန်အောင်ပြုလုပ်ရန်အတွက်၊ ထိုက် သင့်သော စီမံချက်များပြုလုပ်ခြင်း။

(ဃ) ထိုနှစ်အခွန်တော်ငွေမှ၊ နိုင်ငံတော်သမတ၏ သဘောတူညီချက်ဖြင့်၊ ကျသင့်ခံသည့် အခြားအသုံးစ ရိတ်များကို ကျခံခြင်း။

၁၉။ ။ အဖွဲ့သည်၊ လောလောဆယ်အသုံးမလိုသည့် မိမိ၏ငွေအားလုံးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ်၌ အပ်နှံထားရမည်။

Myanmar Law Information System (MLIS)

၂၀။ ။ အဖွဲ့သည်၊ ဘဏ္ဍာတော်နှစ် အသီးသီးမကုန်ဆုံးမီ၊ နောက်လာမည့်ဘဏ္ဍာတော်နှစ်အတွက်၊ မိမိ၏ ရသုံးခန့်မှန်းခြေစာရင်းကို၊ နိုင်ငံတော်သမတက ခွင့်ပြုရန်အလို့ငှါ တင်သွင်းရမည့်ပြင်၊ အဆိုပါခန့်မှန်း ခြေစာရင်းများကို၊ ပြင်ဆင်သည့်နောက်ထပ်ခန့်မှန်းခြေစာရင်းများကိုလည်း၊ ထိုနည်းတူအခါကာလအား လျော်စွာတင်သွင်းရမည်။

သို့သော် အဖွဲ့သည်၊ မိမိစတင်လုပ်ကိုင်သည့် ပဋ္ဌမနှစ်နှင့်ပတ်သက်၍ အလုပ်စတင်လုပ်ကိုင်သည့်နေ့ရက် မှ ထိုဘဏ္ဍာတော်နှစ်ကုန်ဆုံးသည်အထိ ကာလအပိုင်းအခြားအတွက် ခန့်မှန်းခြေငွေစာရင်းကို၊ နိုင်ငံ တော်သမတထံ လျင်မြန်နိုင်သမျှ လျင်မြန်စွာ တင်သွင်းရမည်။

၂၁။ ။ နည်းဥပဒေ ၂၀ အရ ခွင့်ပြုသည့် ခန့်မှန်းခြေစာရင်းထက်ပို၍ မည်သည့်အသုံးစရိတ်ကိုမျှ အဖွဲ့က အကုန်ကျမခံရ။

၂၂။ ။ အဖွဲ့သည်၊ မိမိ၏လစဉ်ငွေစာရင်းရှင်းတမ်းများကို နိုင်ငံတော်သမတထံ တင်သွင်းရမည်။

၂၃။ ။ အဖွဲ့သည်၊ မိမိလုပ်ကိုင်ဆောင်ရွက်မှုများနှင့်ဆိုင်သော ငွေစာရင်းများကို နိုင်ငံတော်စာရင်းစစ် ချုပ်က ပြဋ္ဌာန်းသည့်ပုံစံအတိုင်းထားရှိရမည်။

၂၄။ ။ အဖွဲ့၏ငွေစာရင်းများကို နိုင်ငံတော်စာရင်းချုပ်က ကြည့်ရှုစစ်ဆေးရမည့်ပြင်၊ နိုင်ငံတော်စာရင်း စစ်ချုပ်၏ အစီရင်ခံစာကိုလည်း၊ နိုင်ငံတော်သမတထံ တင်သွင်းရမည်။

၂၅။ ။ သိမ်ကြီးဈေးသည်၊ မြူနီစီပါယ်ဈေး ဖြစ်ဘိသကဲ့သို့၊ ရန်ကုန်မြို့တော်မြူနီစီပါယ်အက်ဥပဒေ၏ ဒုတိယဇယားရှိ အခန်း ၁၅ပါ နည်းဥပဒေများအနက်၊ နည်းဥပဒေ ၁၄ အစမှ ၂၀ အဆုံးအထိနှင့်နည်းဥပဒေ ၂၁ သည်၎င်း၊ အဆိုပါနည်းဥပဒေ ၁၆ အရ ပြုလုပ်ထားသည်ဟု မှတ်ယူရမည့်စည်းမျဉ်းဥပဒေများသည် ၎င်း၊ အောက်ပါပြင်ဆင်ချက်များအတိုင်း ထိုဈေးနှင့်ဖြစ်နိုင်သမျှသက်ဆိုင်ရမည်။

(က) အဆိုပါနည်းဥပဒေများအရ၊ မြူနီစီပါယ်မင်းကြီးကဖြစ်စေ၊ ပြည်သူ့ကျန်းမာရေးနှင့် ဈေးကော်မီတီ ကဖြစ်စေ၊ သုံးစွဲဆောင်ရွက်ရမည့် အာဏာများကို၊ သို့တည်းမဟုတ် အလုပ်ဝတ်တရားများကို ဤနည်း ဥပဒေများအနက် နည်းဥပဒေ ၇ အရ အဖွဲ့ကသုံးစွဲဆောင်ရွက်ရမည်။ ထို့ပြင်

(ခ) အဆိုပါနည်းဥပဒေများအရ၊ အခြားအာဏာပိုင်များက သုံးစွဲဆောင်ရွက်ရမည့်အာဏာများကို၊ သို့ တည်းမဟုတ် အလုပ်ဝတ်တရာများကို၊ အဖွဲ့ကခန့်ထားသည့် အာဏာပိုင်များက သုံစွဲဆောင်ရွက်ရမည်။

၂၆။ ။ (၁) ဥက္ကဋ္ဌက ချမှတ်သောအမိန့်ကို၊ ထိုအမိန့်ချမှတ်သည့်နေ့ရက်မှနှစ်လအတွင်း၊ အဖွဲ့သို့ အယူခံဝင်နိုင်သည်။

(၂) နိုင်ငံတော်သမတသည်၊ အဖွဲ့ကသော်၎င်း၊ ဥက္ကဋ္ဌကသော်၎င်း၊ ချမှတ်သောအမိန့်သည်၊ သို့တည်း မဟုတ် ဆောင်ရွက်ချက်သည်၊ တဦးတယောက်သောသူအား၊ နစ်နာဆုံးရှုံးစေကြောင်းကိုဖြစ်စေ၊ တည်ဆဲတရားဥပဒေတခုခုနှင့် ဆန့်ကျင်ကြောင်းကိုဖြစ်စေ၊ နိုင်ငံတော်အစိုးရ ပြဋ္ဌာန်းထားသောမူများနှင့် မကိုက်ညီကြောင်းကိုဖြစ်စေ သိရှိလျှင်၊ ထိုအမိန့်ကို၊ သို့တည်းမဟုတ် ထိုဆောင်ရွက်ချက်ကို ပယ်ဖျက်နိုင်သည်၊ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်။

<ပြင်ဆင် 21.02.1957>

အမိန့်အရ၊

(စူရတီဘာရားဘဇား(သိမ်ကြီးဈေး) အုပ်ချုပ်ရေးအဖွဲ့ နည်းဥပဒေများ။)

ဘစိန်၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပြည်သူ့ဝန်ထမ်းဝန်ကြီးဌာန။

Myanmar Law Information System (MLIS)